# အခန်း (၁၇)
## *Chapter 17*
# အသင်းတော် မိသားစုများ
## *Church Families*

မာလခိအနာဂတ္တိကျမ်း ၄း၄-၆ ထဲတွင် ဣသရေလလူမျိုးများကို ရည်စူး၍ ဘုရားသခင်၏မိသားစုအစီအစဉ်များကို ကြိုတင်ဟောပြောထားပါသည်။(နောက်ပိုင်းတွင် အသင်းတော်ဖြစ်လာသည်)။ဤကျမ်းပိုဒ်က ဣသရေလလူမျိုးများအတွက် ဘုရားသခင်မျှော်လင့်ချက်များကို ပြသထားပါသည်။၎င်းသည် သူတို့၏နှလုံးသားများသည် တနေရာတွင်စည်းလုံးခြင်းရှိရန်ဖြစ်သည်။မိသားစုကိစ္စရပ်ဖြင့် ဤနှလုံးသားပြန်လှည့်လာခြင်းကို ယေယမိအနာဂတ္တိကျမ်း ၃၁ ထဲတွင် ဖော်ပြထားသော ပဋိညာဉ်သစ်သို့နှလုံးသားပြန်လှည့်လာခြင်းနှင့်ကိုက်ညီသည်။ဤကျမ်းပိုဒ်ထဲတွင် ဘုရားသခင်က သူ၏ပညတ်တော်ကို ကျွန်ုပ်တို့၏နှလုံးသားထဲတွင် သိုထားလိမ့်မည်ဟု ပြောကြားထားပါသည်။နှစ်ပေါင်းလေးရာကြာလာပြီးနောက် ကောင်းကင်တမန်တော်သည် ဇသရိထံသို့ပေါ်ပေါက်လပြီး ဗတ္တိဇံယောဟန်မွေးဖွားမည့်အကြောင်းကြော်ငြာခဲ့ပါသည်။ယောဟန်မွေးဖွားလာခြင်း၏ ရည်ရွယ်ချက်နှင့်သူ၏ သာသနာလုပ်ငန်းတွေကို ရှင်းပြနိုင်ရန်အတွက် မာလခိအခန်းကြီး ၄ ကို ကိုးကားခြင်းဖြစ်သည်။ရှင်လုကာခရစ်ဝင် ၁း၁၃-၁၇ ထဲတွင် ကောင်းကင်တမန်က ယောဟန်သည် "ဣသရေလအမျိုးသားအများတို့ကို သူတို့ဘုရားသခင်ထာဝရဘုရားထံတော်သို့ ပြောင်းလဲစေလိမ့်မည်" ဟု ဖော်ပြထားပါသည်။ထို့ပြင် သူသည် "အဘတို့နှင့်သားတို့ကို အသင့်အတင့်ဖြစ်စေခြင်းငှါ၎င်း၊ငြင်းဆန်သောသူတို့ကို သူတော်ကောင်းတို့၏ သတိပညာလမ်းသို့ပြောင်းလဲစေသောအားဖြင့် ထာဝရဘုရားအဘို့အလိုငှါပြင်ဆင်သောလူမျိုးဖြစ်စေခြင်းငှါ၎င်း" ဆောင်ရွက်သူဖြစ်လိမ့်မည်ဟုဟောပြောထားပါသည်။ဤဖော်ပြချက်နှစ်ခုနှင့်ပတ်သက်၍ ကောင်းကင်တမန်၏ လှုပ်ရှားပုံနှင့်အစီအစဉ်တို့သည် မျက်ဝါးထင်ထင်အကောင်းအထည်ဖော်ခဲ့ပါသည်။အခန်းငယ်၁၇(က)ထဲတွင် ကောင်းကင်တမန်က အရာခပ်သိမ်းပြင်ဆင်ထားပါသည်။သို့မှသာ ယောဟန်၏သာသနာလုပ်ငန်းသည် ထင်ရှားစွာဖြင့်မြင်တွေ့နိုင်ပါလိမ့်မည်။ရှေ့ပြေးသူ ယောဟန်သည်ဘုရားသခင်ထံသို့ ပြန်လှည့်လာခြင်းသတင်းကို ဟောပြောခဲ့ပါသည်။ထိုသတင်းသည် အဘတို့နှင့်သားတို့ကို အသင့်အတင့်နေထိုင်ရန်တိုက်တွန်းထားခြင်းဖြစ်သည်။

ကယ်တင်ခြင်းနှင့်ဒွန်တွဲလျက်ရှိသော ကောင်းမွန်သောလုပ်ဆောင်မှုတစ်ခုသည် မိသားစုထဲ၌ စိတ်နေသဘောထားပြောင်းလဲရန်နှင့်အပြုအမူပြောင်းလဲရန် ဖြစ်သည်။ဖခင်ကြီးက အိမ်ထောင်မိသားစု၏ဦးခေါင်းအဖြစ်မြင့်မြတ်စွာ အသက်ရှင်ရမည်။မိခင်ကြီးသည်လည်း မိမိခင်ပွန်းသည်က ဘုရားသခင်ထံသို့ ဆက်ကပ်အပ်နှံသည့်နည်းတူ မိမိခင်ပွန်းသည်အား ဆက်ကပ်ခြင်းအားဖြင့် ထောက်မပေးရမည်။သားသမီးတို့က ကိုယ်မိဘကိုနာခံရမည်။မိသားစုဝင်အားလုံးသည်လည်း တဦးနှင့်တဦးကြင်နာရမည်။ချစ်မြတ်နိုးရမည်။အကောင်းဆုံးသော မိတ်ဆွေအဖြစ်အသက်ရှင်ရမည်။အတိုချုံးအားဖြင့် မိသားစုတိုင်းသည် ဤလောက၌ ဘုရားသခင်၏မိသားစုကိုယ်စား အသက်ရှင်သူများခရစ်ယာန်များဖြစ်ကြပေမည်။

ကလေးသူငယ်တို့သည်လည်း ခြွင်းချက်အဖြစ်ချန်ထား၍မရပေ။ကျွန်ုပ်တို့သည် "ကျွန်ုပ်တို့၏ အစွမ်းကုန်မလုပ်ကိုင်ကြပေ။သူတို့သည် မှန်ကန်သောဘဝသို့ပြောင်းလဲမည်ဟုလည်း မျှော်လင့်ချက်မရှိကြပေ။" ရှင်လုကာခရစ်ဝင် ၁း၁၅ကို ပြန်လည်ဖတ်ရှုပါ။ကောင်းကင်တမန်က မာလခိ ၄း၆ ထဲတွင် ဖော်ပြထားသော အကြောင်းအရာအစိတ်အပိုင်းတချို့ကို ကိုးကားထားခြင်းဖြစ်သည်။ "တရားသောသူများအပေါ် နာခံခြင်းမရှိသောသူတို့၏ အကျင့်စရိုက်" ကို ဖော်ပြရာတွင် "ဖခင်

များအပေါ်သားသမီးတို့၏ နှလုံးသား” ဖြင့် ဥပမာအလင်္ကာဖွဲ့၍ ဖော်ပြထားပါသည်။ “သားသမီးတို့က မိမိဖခင်များပေါ်တွင်နှလုံးသားပြန်လှည့်လာခြင်းက အဓိပ္ပာယ်ကို ကောင်းကင်တမန်က ဖွင့်ပြောထားပါသည်။မာလခိထဲတွင် ဖော်ပြထားသော ကလေးသူငယ်တို့၏ နှလုံးသားပြန်လာခြင်း အဓိပ္ပာယ်သည် လုကာထဲတွင် ဖော်ပြထားသည့်အတိုင်းသားမီးတို့က မိမိတို့၏မိဘများကို နာခံခြင်းပင်ဖြစ်သည်။မိဘများထံကယ်တင်ခြင်းကို မှန်ကန်စွာရောက်ရှိလာသောအခါ သားသမီးတို့သည် မိမိနာခံမှုမရှိခြင်းမှ ဖြောင့်မတ်ခြင်းသို့ အမှန်တကယ်ပြောင်းလဲလာပါလိမ့်မည်။သို့သော် ဤကဲ့သို့ပြောင်းလဲနိုင်ဖို့ရန်အတွက် မိဘများဘက်မှ ကြီးကြီးကျယ်ကျယ်ကြိုးပမ်းရန် မလိုအပ်ပေ။သားသမီးများရှေ့မှောက်တွင် ဘာသာတရားကိုင်းရှိုင်းစွာဖြင့် ကြိုးပမ်းအသက်ရှင်ရန်သာ လိုအပ်ပေမည်။စိတ်နှလုံးပြောင်းလဲနိုင်ရန်အတွက် သားသမီးတို့သည် လောကီရေးရာဆိုးညစ်သော အကျင့်မှနောင်တရ ရမည်ဖြစ်သည်။မိမိသားသမီးတို့အပေါ်ကောင်းမွန်သော အကျင့်စာရိတ္တပြသသော မိဘတို့သည်သားသမီးများနာခံမှုရှိသော နှလုံးသားပြောင်းလဲခြင်းအားဖြင့် စိတ်ကျေနပ်မှုကို ရရှိပါလိမ့်မည်။

## အသင်းတော်၌ ဦးဆောင်ခြင်း

*Church Leadership*

ဖြစ်ပျက်လာသမျှအရာအားလုံးတို့သည် အသင်းတော်ဦးဆောင်မှုပေါ်တွင် များစွာမူတည်သည်။သင်းထောက်လူကြီးနှင့်သင်းအုပ်ဆရာတို့သည် “မိမိအိမ်ကိုကောင်းမွန်စွာ အုပ်စိုး၍ သမ္မာသမဓိရှိသူရှိသည်နှင့်မိမိသားသမီးကို ဆုံးမနိုင်သူဖြစ်ရမည်” (၁တိ ၃း၄–၅–၁၂)။ထို့ပြင် သူတို့၏ သားသမီးတို့သည် “ယုံကြည်ခြင်းရှိ၍ ကာမဂုဏ်၌ လွန်ကျူးသည်ဟု အပြစ်တင်ခြင်း နားမထောင်ခြင်းတို့နှင့်ကင်းလွတ်ရမည်” (တိတု ၁း၆)။သင်းအုပ်ဆရာဟူသည် အိမ်ထောင်ပြု၍သားသမီးတွေကို ရရှိရန်လိုအပ်လျက်ရှိသည်။သို့သော် ဤကဲ့သို့တောင်းဆိုမှုတို့သည် နယ်လှည့်တမန်တော်များဖြစ်သော ပေါလုနှင့်တိမောသေတို့အတွက် အရေးမကြီးပေ။သူတို့သည် အိမ်ထောင်မပြုခဲ့ပေ။သူတို့သည် သင်းအုပ်ဆရာများမဟုတ်ပေ။တဘက်တွင် တမန်တော်ပေတရုသည် အိမ်ထောင်ပြုပြီး သင်းအုပ်ဆရာအဖြစ်ရွေးကောက်ခြင်းခံရသူဖြစ်သည်(၁ပေ ၅း၁–၃)။

သင်းအုပ်ဆရာသည် မိမိ မိဘများထံနှလုံးသားပြန်လာသော သားသမီးများရှိဖို့ရန် လိုအပ်သည်။ကိုယ်ရေးကိုယ်တာ သို့မဟုတ် အသင်းတော်အတွက်သာ အချိန်ပေးနေသော သင်းအုပ်ဆရာသည် (ကောင်းကွက်အများကြီးတွေ့နိုင်သော်လည်း) ဘုရားသခင်ဝမ်းမြောက်ပေးနိုင်သည့် နည်းလမ်းဖြစ်သော သားသမီးများကို ပထမဦးစားပေး၍ ပြုစုပျိုးထောင်ပေးခြင်းကို လျစ်လျူရှုကာ ပစ်ထားတတ်ကြသည်။ဆိုလိုခြင်းကတော့ ထိုကဲ့သို့သောသင်းအုပ်ဆရာတို့က မိမိသားသမီးတို့အတွက် ဆုံးမသွန်သင်ရန် စိတ်ဆန္ဒမရှိသောကြောင့် သူတို့ကိုယ်တိုင်ကမိမိစိတ်နှလုံးဘုရားသခင်ထံပြန်လာခြင်းမရှိသည်ကို သိသာထင်ရှားသည်(လု ၁း၁၃–၁၇)။နှစ်ဆယ့်လေးနာရီတရက်အတွင်းသင်းအုပ်ဆရာ၏ကောင်းကွက်နှင့်ဆိုးကွက်တို့ကို မည်သူတွေကသိကြပါသနည်း။ထိုသူသည် မိမိသားသမီးတို့ရှေ့၌ ခရစ်ယာန်တစ်ဦးအဖြစ်အသက်မရှင်လျှင်တခြားလူတွေကို ဆုံးမသွန်သင်ရန် မည်သူကသူ့ကို စေလွှတ်မည်နည်း။

## ဧဝံဂေလိတရားဝေငှခြင်း

*Evangelism*

အထက်တွင် တင်ပြထားသော အကြောင်းအရာတို့နှင့်ပတ်သက်၍ ကလေးသူငယ်များ အထူးပြုခြင်းကို ကြည့်သောအခါ အသင်းတော်၏ဧဝံဂေလိကြိုးပမ်းမှုသည် ကလေးသူငယ်များအတွက်ဖြစ်သည်ဟု မိတ်ဆွေယူဆနိုင်ပါသည်။သို့ရာတွင်တမန်တော်များ၏ ဧဝံဂေလိလုပ်ငန်းသည် မည်သူတို့အတွက်ဖြစ်ကြသနည်း။တမန်တော်တို့သည် ဧဝံဂေလိလုပ်ငန်းကို အိမ်ထောင်ဦးစီးများတို့ထံသို့ ဝေငှခဲ့သည်ကို တမန်တော်ဝတ္ထုကပြသထားသည်။ကလေးသူငယ်များထံမဟုတ်ပေ။ကောနိလိ၊လုဒိနှင့်ဖိလိပိအမျိုးသားထောင်မှူးတို့သည် တမန်တော်တို့၏ ကြိုးပမ်းအားထုတ်မှုကြောင့် ခရစ်တော်ကို သိရှိခဲ့ကြသည်။အံ့ဩဖွယ်ရာကတော့ သူတို့မိသားစုတခုလုံးခရစ်တော်ကို လက်ခံခဲ့ကြသည်။ထိုကဲ့သို့ ဖြစ်ပျက်ခြင်းသည် ၄င်းရာစုတုန်းကယဉ်ကျေးမှုဓလေ့ထုံးစံအတိုင်းသာဖြစ်သလော။လုံးဝမဟုတ်ပေ။ကျွန်ုပ်တို့သည် ဧဝံဂေလိဟောရာတွင် ဖခင်များအပေါ် (သို့) မိခင်များပေါ်ဦးစားပေး၍ ဟောပြောပါက ဓမ္မသစ်ထဲ၌ဖော်ပြထားသည့်အတိုင်း သူတို့၏ကလေးများလည်းကယ်တင်ခြင်းရရှိမည်ဖြစ်ပါသည်။ဘုရားသခင်ထံသို့ စစ်မှန်သောနှလုံးသားဖြင့် လှည့်လာသောသူတို့က သူတို့၏နှလုံးသားသည်လည်းမိမိသားသမီးများထံသို့ လှည့်လာပါလိမ့်မည်။သူတို့နည်းတူ ထိုသူတို့၏ ကလေးသူငယ်တို့ကလည်း ခရစ်တော်ကိုသိရှိပါလိမ့်မည်။

## အသင်းတော်စည်းမျဉ်းစည်းကမ်း

*Church Discipline*

မိသားစုကိစ္စသည် အသင်းတော်စည်းမျဉ်းစည်းကမ်းနှင့်ဆက်နွယ်မှုရှိသည်။ဘုရားသခင်၏ နောက်တော်သို့လိုက်လျှောက်သောသူတို့သည် မိမိသားသမီးတို့ကိုစည်းကမ်းဖြင့် ဆုံးမရမည် (ဧဖ၆း၄)။မိမိသားသမီးတို့ကို မှန်ကန်သောအကျင့်ကျင့်နိုင်ရန်အတွက် ထိန်းသိမ်းထားပြီး သူနှင့်မိမိဇနီးသည်ကို နာခံရန်အတွက် ဆုံးမသွန်သင်ရမည်(သု ၁း၈၊၂း၁၊၃း၁၊၄း၁၊၅း၁)။

ယခုမျက်မှောက်ကာလအသင်းတော်၌ နာခံခြင်းမရှိသောသင်းဝင်သူတို့ကို ဆုံးမသွန်သင်ခြင်းမပြုတော့ပေ။အဘယ်ကြောင့်ဆိုသော် မိမိတို့သားသမီးတို့အတွက် သမ္မာကျမ်းစာနှင့်ညီညွတ်သည့်ခံယူချက်နှင့်နည်းဗျူဟာကို မေ့ပျောက်ခဲ့သောကြောင့်ဖြစ်သည်။ကျွန်ုပ်တို့သည် မျိုးဆက်သစ်သားသမီးတို့ကို သမ္မာကျမ်းစာဆုံးမသည့်အတိုင်း ဆုံးမခြင်းမပြုသည့်နည်းတူ နောက်နောင်မျိုးဆက်သစ်လူငယ်များသည် မိမိအကျင့်စာရိတ္တများကို သတိပြုနိုင်ရန် စဉ်းစားလိမ့်မည်မဟုတ်ချေ။မျိုးဆက်သစ်လူငယ်များအပေါ်အသင်းတော်၏တောင်းဆိုမှုတို့သည် ငွေကြေးနှင့်တပတ်တွင် ဘုရားဝတ်ပြုခြင်းအတွက် အချိန်အနည်းငယ်ပေးခြင်းသာဖြစ်ပါလိမ့်မည်။ဆုံးမသွန်သင်ခြင်းအောက်မှ ကြီးပြင်းလာသောကလေးသူငယ်တို့သည် ထိုသူတို့အကျိုးအတွက် အသင်းတော်မှချမှတ်ထားသော စည်းမျဉ်းစည်းကမ်းကို မထီမဲ့မြင်ပြုလိမ့်မည်မဟုတ်ပေ။အမှန်အကန်ဖော်ပြရလျှင် ဘုရားသခင်၏ ဆုံးမသွန်သင်မှုနှင့်ညွှတ်ကြားမှုမှ ကြီးပြင်းလာသော ကလေးသူငယ်တို့သည် ကြီးပြင်းလာသည်နှင့်အမျှ အသင်းတော်မှ ဆုံးမသွန်သင်ရန်များစွာလိုအပ်လိမ့်မည် မဟုတ်ပေ။ဘုရားသခင်ချမှတ်ပေးထားသော စည်းကမ်းချက်များလက်ခံရန် ဖခင်ဆုံးမသွန်သင်မှုကို မငြင်းပယ်ရန်(သု ၃း၁၁–၁၂နှင့် ဟေဗြဲ ၁၂း၅–၆)နှင့် အသင်းတော်မှ ချမှတ်သော စည်းမျဉ်းစည်းကမ်းလိုက်နာကလေးသူငယ်တို့ကို တိုက်တွန်းနိုးဆော်ပါက ကျွန်ုပ်တို့သည် ထိုသူတို့အားဖြင့် အသင်းတော်ထဲ၌ဖြစ်စေ မိမိအသိုင်းအဝိုင်းထဲ၌ဖြစ်စေ တိုးတက်ပြောင်းလဲမှုကို မြင်ရ၍ကျွန်ုပ်တို့အံ့ဩမိန်မောခြင်းရှိပါလိမ့်မည်။

**အသင်းတော်ဝတ်ပြုခြင်းများ**

*Church Meetings*

ကလေးသူငယ်အားလုံးအသက်ကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ မိမိဘများနှင့်အိမ်အသင်းတော်တွေ့ဆုံခြင်း၌ ပါဝင်သင့်သည်ဟု ကျွန်တော်နားလည်ခဲ့ပါသည်။ဖေက် ၆း၄ကို သေချာဂနစွာ လေ့လာသောအခါ သားသမီးတို့ကို ဆုံးမသွန်သင်မည့်သူသည် ဖခင်ကြီးများဖြစ်သည်။ကြီးလာပြီးမှ သွန်သင်ပေးသော ဆရာ/မ များမဟုတ်ပေ။တပတ်တွင်ခြောက်ရက်ပတ်လုံး မိမိသားသမီးတို့ကို ဘုရားသခင်၏ အကြောင်းအရာများ ဆုံးမသွန်သင်သော ဖခင်တစ်ဦးအနေဖြင့်တနင်္ဂနွေနေ့များတွင်ထိုသူတို့ကိုနောက်ထပ်သွန်သင်ရန် တခြားသူများကို လိုအပ်လိမ့်မည်မဟုတ်ပေ။မိမိသားသမီးတို့ကို စည်းကမ်းအောက်တွင် ကြီးပြင်းစေသောသူဖြစ်ပါသည်။သူ၏အုပ်ချုပ်မှုဖြင့် မိမိသားသမီးတို့သည် အိမ်အသင်းတော်ဝတ်ပြုခြင်းတို့၌ ပို့ဆောင်ပါဝင်စေပါလိမ့်မည်။ကျွန်ုပ်တို့သည် ကလေးသူငယ်များကို ဆုံးမရာတွင် ကလေးဘဝအဖြစ်ဖြင့်နေရစ်ရန် သွန်သင်ခြင်းမဟုတ်ပဲ လူကြီးအဖြစ်တိုးတက်လာစေရန် အတွက်သွန်သင်ခြင်းဖြစ်သည်ကို မှတ်ထားပါ။ကလေးသူငယ်တို့သည် အသင်းတော်၌ အရွယ်ရောက်သောသူအဖြစ်မည်ကဲ့သို့ပါဝင်ရမည်ကိုငှင်း၊မည်ကဲ့သို့ တွေ့ဆုံရမည်ကိုငှင်း သိရှိရန်လိုအပ်သည်။ကျွန်ုပ်တို့အသင်းတော်တွင် မိသားစုအားလုံးအတူတကွထိုင်ကြသည်။အကယ်၍လိုအပ်ပါက ကျွန်ုပ်တို့၏ဝတ်ပြုအစည်းအဝေးများ၌ မိဘများကမိမိသားသမီးတို့ကို ပြုပြင်ထားပါသည်။စည်းကမ်းဖြင့်သွန်သင်ထိန်းချုပ်ထားပါသည်။တနင်္ဂနွေနေ့တိုင်းလိုလို ထိုကဲ့သို့ပြုပါသည်။သို့သော်ဤကဲ့သို့ပြုခြင်းသည် အသင်းတော်၌ဖြစ်စေ မိသားစု၌ဖြစ်စေ ရင့်ကျက်မှုဖြစ်စေသော လုပ်ဆောင်မှုဖြစ်သည်။ဤကဲ့သို့ဆုံးမသွန်သင်ခြင်းမျိုးသည် ကလေးသူငယ်များအပေါ်ဆုံးမရန်ဖြစ်ပြီး မိဘများသည် ထိုသို့ဆုံးမရန်မျှော်လင့်လျက်ရှိပါသည်။တခါတရံကလေးသူငယ်များသည် ကျွန်ုပ်တို့ဆုံးမခြင်းထက် ပို၍ကောင်းမွန်လာတတ်ကြသည်။ကလေးသူငယ်တို့သည် ငိုက်မျည်းအိပ်ပျော်လိုသောအခါ ဖခင်ကြီး၏ပေါင်ပေါ်၌ဖြစ်စေ မိခင်ကြီး၏ပေါင်ပေါ်တွင်ဖြစ်စေ ခုံရှည်ပေါ်တွင်ဖြစ်စေ ကုတင်ပေါ်တွင်ဖြစ်စေ အိပ်ပျော်လေ့ရှိကြပါသည်။တခါတရံကလေးသူငယ်တို့သည်အရုပ်ကလေးများ၊စာဖတ်ခြင်းနှင့်အရောင်များအားဖြင့် တိတ်ဆိတ်စွာ ကစားတတ်ကြပါသည်။(တခါတရံစက္ကူပေါ်တွင်ဖြစ်စေ၊ကြမ်းပြင်ပေါ်တွင်ဖြစ်စေ ကစားတတ်ကြပါသည်)။ထိုကဲ့သို့ပြုခြင်းသည် မိသားစုဘဝကို ပုံဆောင်ထားသည်။

နောင်လာနောက်သားများအတွက် သမ္မာတရားကိုသိရှိနိုင်ရန် ဘုရားသခင်၏ ဆက်သွယ်မှုနည်းလမ်းသည် ပြောင်းလဲမှုမရှိခဲ့ပေ။မိသားစုအသိုင်းအဝိုင်း၌ ကလေးသူငယ်တို့ကို သမ္မာတရားသင်ပေးရန်နှင့်သင်ယူရန် ဘုရားသခင်အကြံအစည်တော်ရှိပါသည်။ဤတာဝန်ကို တိုက်ရိုက်လုပ်ဆောင်ရန် အသင်းတော်သို့မဟုတ်အသိုင်းအဝိုင်းက တာဝန်မရှိပေ။ဖခင်ကြီးများနှင့်မိခင်ကြီးများတာဝန်သာဖြစ်ပါသည်။ခရစ်တော်၏ခန္ဓာကိုယ်ထဲ၌ ဤသင်ခန်းစာကို ကျွန်ုပ်တို့သင်ယူရရှိသည်နှင့်အမျှ သားသမီးတို့ကို လောကီဆန်သော ဆုံးမသွန်သင်ခြင်းများရပ်တန့်ပြီး လောကကြီးကို ဇောက်တိုးမှောက်လွန်းပေးနိုင်သော ဂုဏ်အသရေရှိသော ယောက်ျားမိန်းမများမြောက်များစွာ နောင်လာမည့်အချိန်များတွင် မွေးထုတ်ပေးနိုင်ပါလိမ့်မည်။

## ခရစ်ယာန်  သာသနာလုပ်ငန်း

*Christian Ministry*

သာသနာလုပ်ငန်းနှင့်ပတ်သက်၍ ပေါလု၏ခံယူချက်သည် မိသားစုဘဝမှသာလျှင် ဆင်းသက်လာခဲ့သည်။၁သက် ၂း၅–၁၂ ထဲ၌ ဖော်ပြထားသည့်အတိုင်းသက်သာလောနိတ် ယုံကြည်သူများထံပေါလုက သူ၏ကိုယ်ပိုင်းတမန်တော်လုပ်ငန်းဖော်ပြရာတွင် ကောင်းသောမိသားစုအကြောင်းကို တင်ပြထားပါသည်။သူက မိခင်ကြီးများကို ပြုစုစောင့်ရှောက်သူနှင့်ဖခင်ကြီးများကို စံပြထိုက်သော နာမူနာအဖြစ်အသုံးပြုခဲ့ပါသည်။ပေါလုသည်တမန်တော်တစ်ဦးဖြစ်သည့်နည်းတူ သူသည်သတင်းကောင်းဝေငှပြီး တပည့်တော်ဖြစ်ခြင်းကိုသွန်သင်ကာ ထိုသူတို့ကြားထဲတွင် သူ၏သာသနာလုပ်ငန်းအတွက် ဘဝပေးဆပ်နိုင်ခဲ့သည်။ထို့ကြောင့် သူတို့ကြားထဲတွင် ပေါလုသည်နေ့ရောညပါသာသနာလုပ်ငန်းကို ကြိုးပမ်းစွာလုပ်ဆောင်ခဲ့သည်။သို့မှသာ လူတွေကသူ့ကိုလောဘကြီးသူအဖြစ်ထင်လိမ့်မည် မဟုတ်ပေ။မိမိသားသမီးတို့ကို နေ့ညမပြတ်ပြုစုစောင့်ရှောက်သောသူသည် ပေါလု၏သာသနာလုပ်ငန်းတွင် ပြည့်စုံသောစံပြနမူနာဖြစ်ပါသည်။သူ၏အပြုအမူက သူမ၏သာသနာလုပ်ငန်းခွင်တွင် ချစ်ခြင်းမေတ္တာနှင့်ဆက်ကပ်အပ်နှံမှုကို ပြသသောကြောင့် သူမ၏သားသမီးတို့ကိုထိန်းချုပ်နိုင်ခဲ့ခြင်းဖြစ်သည်။သူမသည် ယောက်ျားတယောက်နည်းတူ သူမ၏သားသမီးတို့ကို ပြုစုစောင့်ရှောက်နိုင်သည်။အမျိုးသမီးတို့သည် အိမ်တွင်ကောင်းမွန်စွာပြုစုသူဖြစ်ရန် လိုအပ်သည်။အမျိုးသမီးတို့၏ ဆက်နွယ်မှုသည် ပေါလု၏သာသနာလုပ်ငန်းကို များစွာတွန်းအားပေးသည်။ပေါလု၏ယုယစွာဖြင့် ပြုစုစောင့်ထိန်းမှု၊ထိုသူတို့အတွက် သူ၏အချိန်နှင့်စွမ်းအားကို အသုံးပြုက မိမိခန္ဓာကိုယ်ကို ယဇ်ကောင်အပြစ်ပူဇော်လိုသည့် ဆန္ဒသည်ကောင်းသော မိခင်တစ်ဦးက သူမ၏ကလေးသူငယ်များပြုစုစောင့်ရှောက်မှုကို အတုယူခြင်းဖြစ်သည်။

တစ်ဘက်တွင် မိမိသားသမီးတို့ကို နားလည်ပေး၍ သမ္မာတရားဖြင့် ကောင်းမွန်စွာပြုစုစောင့်ရှောက်သော ကောင်းသောဖခင်တစ်ဦးကို ပေါလုကကြည့်ရှုခဲ့ပါသည်။ထိုဖခင်ကြီး၏ အစွမ်းအစကိုလည်းပေါလုက ကြည့်ထားခဲ့သည်။ပေါလုသည် သက်သလောနိတ်မြို့၌ရှိသော ယုံကြည်သူအသစ်တို့ကို ဘုရားသခင်နှင့်အတူလျှောက်လှမ်းနိုင်ရန် ရွေးရှုပြီးတမန်တော်ပိုင်းဆိုင်ရာ အားပေးတိုက်တွန်းခြင်း နှစ်သိမ့်ခြင်းနှင့်တောင်းပန်ခြင်းတို့အတွက် ပို့စာရေးလိုက်သောအခါ ဖခင်တစ်ဦးကမိမိသားသမီးတို့ကို အကျင့်စာရိတ္တပိုင်းဆိုင်ရာတိုးတက်ဖွံ့ဖြိုးမှုကို ဥပမာပေး၍ရေးထားသည်ကို သိသာထင်ရှားသည်။ဤစာစောင်ကဖခင်တစ်ဦးသည် မိမိသားသမီးများအပေါ်ထားရမည့်တာဝန်ဝတ္တရားများပြန်လည်သတိရစေသည်။၎င်းစံချိန်အတိုင်း အသက်ရှင်ရန်သူတို့ကို သမ္မာတရားသွန်သင်ပေး၍ ထိန်းကျောင်းပေးထားပါသည်။ထိုကြောင့် မိမိသားသမီးတို့ကို ချစ်၍ဘုရားသခင်၏ကောင်းကြီးမင်္ဂလာခံစားစေလိုသော ဖခင်တစ်ယောက်သည်မိမိ မိသားစု၌ဥပဒေကိုအသုံးပြု၍ မအုပ်စိုးသင့်ပေ။ထိုကဲ့သို့အုပ်စိုးပါက ပုန်ကန်ထကြွမှုပေါ်ပေါက်နိုင်ပါသည်။ခရစ်ယာန်များသည် သူတို့၏လုပ်ဆောင်မှုဖြင့် ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သူမဖြစ်နိုင်ပေ။ဖြောင့်မတ်သောအကျင့်လည်း မလုပ်ဆောင်နိုင်ပေ။ကျွန်ုပ်တို့သည် မိမိသားသမီးများအပေါ် ဆက်ဆံမှုသည်သားသမီးတို့က နာခံမှုရှိ၍ဘုရားသခင်နှင့်အတူ လျှောက်လှမ်းနိုင်ရန်အတွက် တိုက်တွန်းမှုကို ခိုင်မာစွာပြုနိုင်သည်ကို ဆိုလိုခြင်းဖြစ်သည်။တမန်တော်ရှင်ပေါလုက မိမိသားသမီးတို့ကို ဦးစီးဦးဆောင်နိုင်သော ကောင်းသောဖခင်ကြီးများအပေါ်သူ၏ လေ့လာအကဲဖြတ်မှုများကို အထူးပြု၍ တင်ပြထားပါသည်။

သားသမီးတို့ကို ဆုံးမခြင်းမရှိသော ဖခင်များကြောင့် သားသမီးတို့သည် ရက်စက်ကြမ်းကြုတ်ကာ သူတို့ကိုအမျိုးသမီးများက လွှမ်းမိုး၍ဦးဆောင်သည်။သူတို့၏သမီးများက မိသားစုကိစ္စရပ်များ၊အသင်းတော်ကိစ္စရပ်များနှင့်ဆွေမျိုးနှင့်ပတ်သက်သော ကိစ္စရပ်များကို လွှမ်းမိုးပါလိမ့်မည်။

စိတ်တက်ကြွမှုမရှိသော မိခင်ကြီးကလူတွေနှင့်လိုက်လျောညီထွေစွာ အသက်မရှင်တတ်သော သားသမီးတို့ကို မွေးထုတ်ပါလိမ့်မည်။ဤကဲ့သို့သော အဖြစ်ဆိုးတို့ကို မိမိသားသမီးများအတွက်ကောင်းရာကောင်းကြောင်းကို သိမြင်၍မိသားစု၌ဖြစ်စေ၊အသင်းတော်၌ဖြစ်စေ၊ဆွေမျိုးအသိုင်းအဝိုင်း၌ဖြစ်စေ၊ အမျိုးသားကဏ္ဍနှင့်အမျိုးသမီးကဏ္ဍများကို သင့်တော်စွာသွန်သင်ပေးသည့် ဖခင်ကြီးများနှင့်မိခင်ကြီးများက စောင့်ကြပ်ပါလိမ့်မည်။ပေါလုသည် ကောင်းမွန်သောအကျင့်စာရိတ္တရှိသော မိခင်ကြီးနှင့်ဖခင်ကြီးများအကြောင်းကို နာမူနာယူထားသည်ဟု ကျွန်တော်ထင်ပါသည်။ထို့နောက် ပေါလုကသူ၏သာသနာလုပ်ငန်းတွင် အသုံးပြုထားသည်ကို တွေ့ရသည်။ထိုလှုပ်ရှားမှုများကြောင့် မိခင်ကများစွာ ပေးဆပ်ရပါသည်။ထို့ပြင် မိသားစုထဲ၌သားသမီးတို့သည် ထိုက်ထိုက်တန်တန်နေထိုင်နိုင်ရန်အတွက် ဖခင်ကြီးသည်လည်းစိတ်အားထက်သန်စွာ ပါဝင်ရသည်။ကျွန်ုပ်တို့သည်လည်းထိုနည်းတူပြုရမည်။

## နိဂုံး

*Conclusion*

အသင်းတော်သည် မိသားစုဖြစ်သည်။ပါလုက ၎င်းကို “ဘုရားသခင်၏မိသားစု” ဟု နာမည်ပေးထားသည်။ကယ်တင်ခြင်းကို “သားရင်းကဲ့သို့ အမွေခံခြင်း” ဟု ခေါ်၍ “အမွေဆက်ခံသူများ” ဟု ဖော်ပြထားသည်။ပေါလုက တိမောသေအား “သင်းအုပ်ဆရာကို ဖခင်တစ်ဦးကဲ့သို့မှတ်ယူရန်” မိန့်ဆိုခဲ့သည်။ခရစ်ယာန်များကို “ညီအစ်ကို မောင်နှမများ” ဟု ခေါ်သည်။ကောင်းကင်ဘုံ၌ရှိသော ဖခမည်းတော်ကို ညွှန်ပြရာတွင် အဗ္ဗအဘ ဟု ကလေးသူငယ်တစ်ဦးက မိမိဖခင်ကြီးကိုခေါ်ရာတွင် အသုံးပြုသောစကားလုံးကို အသုံးပြုထားသည်။

မိသားစုဟူသည် တစ်ဦးနှင့်တစ်ဦးဆက်နွယ်မှုရှိသောသူတွေကို ဆိုလိုခြင်းဖြစ်သည်။ဓမ္မသစ်ထဲ၌ ဖော်ပြထားသောအသင်းတော်၏ ဆက်နွယ်မှုကိုကြည့်လျှင် ထိုဆက်နွယ်မှုကောင်းသည်ဖြစ်စေ ညံ့သည်ဖြစ်စေ စာရှုသူတို့ကိုလွှမ်းမိုးနေသည်ကို တွေ့ရသည်။ကောင်းသော အသင်းတော်သည် ထိုဆက်နွယ်မှုများကို ကောင်းမွန်စွာပြုစုစောင့်ထိန်းထားပါသည်။ထို့ပြင် သူတို့အတွက်အဆုံးမရှိသောစစ်ဆင်နွှဲမှုတို့ကို အစားထိုး၍ မပြုပေ။လူတွေက တခြားသောအရာများထက် သန်မာသောဆက်နွယ်မှုများကို ပို၍ဆန္ဒရှိကြသည်။ထို့ကြောင့် အိမ်အသင်းတော်၌ ပါဝင်သူအားလုံးတို့သည် တစ်ဦးနှင့်တစ်ဦး ပို၍ပို၍နီးကပ်မှုရှိရန် ပြင်ဆင်ရကြမည်။ဤတင်ပြထားချက်တို့ကို ဖြူကောင်တို့သည်ဆောင်ရာသီတွင် နွေးထွေးရာနေရာကို ရှာဖွေသကဲ့သို့ နဖူးပေါ်တွင်လက်တင်လျက်တွေးသင့်ပေသည်။သူတို့သည် နွေးထွေးသောနေရာသို့ ရောက်ရှိလေလေ၊ပျော်မွေ့ခြင်းသို့ ရောက်ရှိလေလေဖြစ်သည်။သူတို့သည် နောက်ပြန်ဆုတ်သောအခါ အအေးဓါတ်ကိုခံစားရသည်။သူတို့သည် ကြက်မွေးအောက်တွင်အိပ်နေသကဲ့သို့ နွေးထွေးမှုကို ခံစားရန်အလွန်ကောင်းသည်။

အကောင်းဆုံးဖြစ်သောခေတ်ပေါ်သည် အိမ်အသင်းတော်သည် မိသားစုနှင့်တူညီမှုရှိသည်။ အဘယ်ကြောင့်ဆိုသော် လူတွေများရှိသော အရပ်သို့တွေ့ဆုံသောကြောင့်ဖြစ်သည်။အသင်းတော်ဝတ်ပြုခြင်းသို့သွားရောက်သော အိမ်ထောင်မိသားစုနှင့်ထိုဝတ်ပြုကိုးကွယ်ခြင်းသို့ မိမိဆုံးဖြတ်ချက်ဖြင့်နီးကပ်သော အိမ်ထောင်မိသားစုဝင်တို့သည် စည်းလုံးကြသည်။ပတ်ဝန်းကျင်တွင်ဖြစ်ပျက်သမျှသည် မှန်ကန်သည်။အတုအယောင်ဟူ၍ မရှိပေ။ဆွေးနွေးတိုင်ပင်မှုတို့သည် အစမှလိုက်လျောညီထွေမှုရှိသည်။လူတန်းစားခွဲခြားမှုမရှိပေ။အယူဝါဒလွဲမှားသူဟူ၍ မရှိပေ။

အိမ်တွင်တွေ့ဆုံသော အသင်းတော်သည် မိသားစုတွင် ဝိညာဉ်ပိုင်းဆိုင်ရာတိုးတက်ဖို့ရန် အတွက် အကောင်းဆုံးသော ဝတ်ပြုတွေ့ဆုံခြင်းဖြစ်သည်။ဖခင်ကြီးသည် အိမ်ထောင်မိသားစု၏ ဦးခေါင်းဖြစ်သည့်နည်းတူ မိသားစုဝင်တို့ကို ဆုံးမသွန်သင်ရန် အကောင်းဆုံးသော တွေ့ဆုံခြင်း ဖြစ်သည်။ခရစ်တော်နှင့်ဘုရားသခင်၏ နိုင်ငံတော်ထဲတွင် ခရစ်ယာန်တစ်ဦးဖြစ်ခြင်း၏ အဓိပ္ပါယ် ကို မိသားစုဝင်များအားသွန်သင်နိုင်ရန် အိမ်အသင်းတော်က အခွင့်ကောင်းပေးထားပါသည်။အမှန် အကန်ဖော်ပြရလျှင် ထိုကဲ့သို့အခွင့်ကောင်းပေးရုံသက်သက်မဟုတ်ပေ။ထိုကဲ့သို့သော အကြောင်းအ ရာတွေကို မိသားစုများအားသွန်သင်နိုင်ရန်အတွက် ဖခင်ကြီးကသာတတ်စွမ်းနိုင်သောကြောင့် ထို တာဝန်ကို ဖခင်ကြီးပေါ်တွင် ပုံအပ်ထားခြင်းပင်ဖြစ်သည်။ထိုတာဝန်ကို ဥပုဒ်စာဖြေ ဆရာ/မ များ ကျမ်းစာလေ့လာခြင်းဦးဆောင်သူများ လူငယ်ဦးဆောင်သူများ သို့မဟုတ် အမှုတော်ဆောင်များက ကိုယ်စားလှယ်လုပ်ကာ မည်သူကမှတာဝန်မလွှဲ အပ်နိုင်ပေ။ထိုကဲ့သို့သောသူများသည် အိမ်အသင်း တော်တွင် မရှိပေ။အပတ်တိုင်းသွန်သင်မှုများက ဖခင်တစ်ဦး၏သွန်သင်ဆုံးမမှုကို အစားမထိုးနိုင် ပေ။သို့သော်အပတ်တိုင်းသွန်သင်မှုများက ဖခင်တစ်ဦး၏သွန်သင်ဆုံးမမှုကို ပြည့်စုံစေသည်။

- Tim Melvin.

Tim သည် သမ္မာကျမ်းစာနှင့်ညီညွတ်သော ကလေးသူငယ်သင်တန်းကို အပတ်၏နောက် ဆုံးရက်တိုင်းအဲ့ဒြဖွယ်သွန်သင်နေသည်။ထိုအကြောင်းအရာတွေကို မိတ်ဆွေ၏အသင်းတော်တွင် လာရောက်၍ သင်ကြားပို့ချနိုင်ရန် သူ့ကိုဆက်သွယ်နိုင်ပါသည်။

- Editor.